ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း
National Community Driven Development Project (NCDDP)




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
## ကရင်ချောင်ကျေးရွာ၊ ကရင်ချောင်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................ 2
၂။ကရင်ချောင်အုပ်စုမြေပုံ ........................................ 3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း........................................ 3
၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ 5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........................................ 6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..... 7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........................................ 23
၈။ ကျေးရွာကော်မတီဝင်များစာရင်း........................................ 26
၉။ပုံစံ-၁။ကျေးရွာအချက်အလက် ........................................ 27
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်........................................ 30
၁၁။အစည်းအဝေးမှတ်တမ်းများ ........................................ 32
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........................................ 37

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကရင်ချောင်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

**၁။ကရင်ချောင်ကျေးရွာ**

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကရင်ချောင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၂) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ မော်ဝန်းချောင်း၏တောင်ဘက်ကမ်း (၇)မိုင် (၃)ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ကရင်ချောင်ကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်ခန့်က အိမ်ခြေ (၁၄၀)ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ကရင်ချောင်ကျေးရွာသည် အရှေ့ဘက်တွင် ဖွဲ့ကနာကျေးရွာ၊အနောက်ဘက်တွင် ကွနီးကျေးရွာ၊တောင်ဘက်တွင် ကမာကလုတ်စံပြကျေးရွာ၊မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကရင်ချောင်ကျေးရွာရှိမြေဧရိယာအားလုံးမှာ လယ်ယာစိုက်ပျိုးနိုင်သည့် မြေနိမ့်လွင်ပြင်များဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အမြင့်တွင် တည်ရှိပါသည်။ ကရင်ချောင်ကျေးရွာတွင် ဗမာလူမျိုး (၉၄.၈၄ %)ရှိပြီး၊ဟိန္ဒူလူမျိုး (၅.၁၆ %)ရှိပါသည်။

လယ်ယာစိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၅၀ | ၆၅ | ၇၀ | ၁၃၅ |
| ခရစ်ယာန် | ၁၅ | ၂၂ | ၃၀ | ၅၂ |

၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၀ | ၂၂ | ၁၈ | ၄၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ခွျေလှေ့စက် | ဆိုင်ကယ်ဝပ်ရှော့ |
| | ဆိတ် | စျေးဆိုင် | |
| | ဘဲ၊ | စပါးအရောင်းအဝယ် | |
| | | | |

၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀၆၀ | ၁ | မရှိ | မရှိ | -/၇ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၂ | ၇၀ | ၂ | ၁၀၊ ၁၀ | | ၆ |

၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၂၅၄ | ၂၅၄ | ၁၀၀ | ၁၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀၀၊၅၀၀ | ၁၂၀ | ၁၅ | ၉၀၀ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၃ | ၄၂ | ၁၀၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်း ပန်းဆက်သွယ်ရေးအခြေအနေလ ယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၆ | ၁၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၆-၁၁-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၆ | ၅ | ၁၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား သတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများန င့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၆-၁၁-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၆ | ၈ | ၁၄ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၆-၁၁-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၆ | ၈ | ၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၃ | ၁၁ | ၂၄ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကရင်ချောင်အုပ်စု ၊ကရင်ချောင်ကျေးရွာသည် ကျောက်တန်းမြို့အရှေ့တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု ၃၂၇ ဖြင့် တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏အဓိက လုပ်ကိုင်ကြသောလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူ/သား အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ လူနည်းစုမှာ ဟိန္ဒူဘာသာ နှင့်ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြပါသည်။

ကရင်ချောင်ကျေးရွာ၏ အရှေ့ဘက်တွင် ဖွဲ့ကနာကျေးရွာ၊အနောက်ဘက်တွင် ကွနီးကျေးရွာ၊ တောင်ဘက်တွင် ကမာကလုတ်စံပြကျေးရွာ၊မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ချောင်းတစ်ချောင်းရှိပါသည်။ ကျေးရွာတွင်းတွင် ဘုန်းကြီးကျောင်းနှင့်စေတီ ရှိပါသည်။ စာသင်ကျောင်းတစ်ကျောင်းနှင့် မူကြိုကျောင်းတစ်ကျောင်းလည်း ရှိပါသည်။ ခရစ်ယာန်ကျောင်းတစ်ကျောင်းနှင့် ဆန်စက်တစ်ခုလည်း ရှိပါသည်။ ရွာတွင် ရေကန်(၇)ကန်နှင့် စက်ရေတွင်း(၁)ခုရှိသဖြင့် သောက်သုံးရေလုံလောက်မှု ရှိပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**


ကရင်ချောင်ကျေးရွာ ဥစ္စာဓန အဆင့်သတ်မှတ်ချက်

ကရင်ချောင်ကျေးရွာအုပ်စု / ကရင်ချောင်ကျေးရွာ 21.11.17


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက (၂၀-၅၀) အထက်၊ ပျဉ်ထောင်သွပ်မိုး၊ လယ်ထွန်စက်၊ ဆိုင်ကယ် TV ၊ ရေခဲသေတ္တာ၊ နွား၊ ပဲ့စက်၊ ဖုန်း | ၄၀ | ၁၂ % |
| အလယ်အလတ် | နွား၊ ပဲ့စက်၊ လယ်ဧက(၅-၁၀)ထက်၊ ဓနိမိုး ထရံကာ၊ ဆိုင်ကယ်၊ ဖုန်း | ၁၅၀ | ၄၆ % |
| နွမ်းပါး | ဝါးအိမ်၊ လက်လုပ်လက်စား၊ ဆိုင်ကယ်၊ မြေယာမရှိသူ | ၁၃၇ | ၄၂ % |
| | စုစုပေါင်း | ၃၂၇ | ၁၀၀ % |

ကျား - ၆ ဦး ပေါင်း = ၁၁ ဦး
မ - ၅ ဦး

**သုံးသပ်ချက်**

ကရင်ချောင်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသောအဆင့်မှာနွားပုံစက်၊ကွန်ဒေါင်း၊လယ်ဧ(၂၀)မှ(၅၀)၊ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊တီဗီ၊ရေခဲသေတ္တာတို့ကိုပိုင်ဆိုင်ကြပြီး အိမ်ထောင်စု(၂၀)ရှိပါသည်။အလယ်အလတ်အုပ်စု တွင် နွားပုံ းစက်၊လယ်ဧက ၅မှ၁၀ဧက နှင့်အထက် ဖုန်း၊ ဓနိမိုးထရံကာ၊ ဆိုင်ကယ်တို့ပိုင်ဆိုင်ပါသည်။ အိမ်ထောင်စု(၁၅၀)ရှိပါသည်။ နွမ်းပါးသောအုပ်စုတွင် ဝါးအိမ်၊ဆိုင်ကယ်နှင့်လက်လုပ်လက်စားများ၊မြေယာမရှိ သူများတို့ပါဝင်ပါပြီး စုစုပေါင်း အိမ်ထောင်စု(၁၃၇)တို့ပါဝင်ပါသည်။ နွမ်းပါးရခြင်းရမှာ အလုပ်အကိုင်နည်းပါးခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

**၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်**



**သုံးသပ်ချက်**

ရာသီဥတု - တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် မိုးအနည်းငယ်သာ ရွာ၍ ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်သာရွာ၍ ရာသီဥတုသာယာပါသည်။

စိုက်ပျိုးရေး - နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ် စိုက်ပျိုးကြပါသည်။

မွေးမြူရေး - မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ၊ နွားတို့ကို တစ်ရာသီလုံး မွေးမြူကြပါသည်။

ပွဲတော်များ - တန်ခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ကျေးရွာဘုရားပွဲတော်ကျင်းပကြပါသည်။

အားလပ်ရက် - တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ တော်သလင်း၊ ပြာသို လများတွင် လုပ်ငန်းခွင်မဝင်ရသောကြောင့် အားလပ်ကြပါသည်။

ဝင်ငွေ - သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင် နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

ကျန်းမာရေး - ကဆုန်လ၊ နယုန်လနှင့် သီတင်းကျွတ်လများတွင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

၄။ ဗင်းပုံစံ သုံးသပ်ချက်။



ဗင်းပုံစံ
ကျေးရွာ အတွင်းရှိ အဖွဲ့ အစည်း များ ချိတ်ဆက်ပုံ
ကရင်ချောင် ကျေးရွာအုပ်စု
ကရင်ချောင်ကျေးရွာ
8 - 11 - 2017
ကျား - ၆
မ - ၈
ပေါင်း - ၁၄

## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးနှင့် လူငယ်ပရဟိတ အသင်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါသည်။ မြစိမ်းရောင်အဖွဲ့အစည်း၊ သမဝါယမအဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်းကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရံပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီအသင်းအဖွဲ့များသည် ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလဲ ကူညီဆောင်ရွက်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ကျေးရွာလူထု နှင့်ချိတ်ဆက်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ကျေးရွာ ပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ကျေးလက်ဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်ကျန်းမာရေးဌာ၊ စိုက်ဘဏ်တို့သည် ကျေးရွာလူထုနှင့် ချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ကျေးရွာကော်မတီအဖွဲ့ဝင်များဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်းလုပ်ငန်း၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများနှင့် နည်းပညာများကို ပူးပိုးကူညီလျှက်ရှိပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။




### သုံးသပ်ချက်

သာရေးနာရေး — အမျိုးသမီးများသည် အမျိုးသားများထက် ကျေးရွာ၏သာရေးနာရေး၊ အလှူအတန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုပိုမိုအားကောင်းသည်ကိုတွေ့ရပါသည်။

အရင်းအမြစ်သုံးစွဲမှု — ကျေးရွာအရင်းအမြစ်ဖြစ်သော ရေကန်၊ ဘုန်းကြီးကျောင်း စသောအရင်းအမြစ်များကို အမျိုးသမီးများက အမျိုးသားများထက် ပိုမိုအသုံးပြုသည်ကိုတွေ့ရပါသည်။

ပညာရေး — ကျေးရွာအတွင်းရှိအမျိုးသားများသည် အမျိုးသမီးများနှင့် ပညာသင်ခွင့်တန်းတူရသော်လည်း ပညာရေးတွင်အမျိုးသမီးကပိုမိုတိုးတက်နေသည်ကိုတွေ့ရပါသည်။

လုံခြုံမှု — ရေးရိုးစွဲအစဉ်အလာများကြောင့်အမျိုးသမီးသည် အမျိုးသားများလောက်ဘဝလုံခြုံမှုမရှိသည်ကိုတွေ့ရပါသည်။


ဦးဆောင်နိုင်မှု — ကျေးရွာအတွင်းရှိအမျိုးသားများသည် စီးပွားရေး၊ လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးနှင့် ဆုံးဖြတ်ချက်ချနိုင်မှုများတွင် အမျိုးသမီးများထက်ပိုမိုဦးဆောင်နိုင်သည်ကို တွေ့ရပါသည်။


အိမ်မှုကိစ္စ — အမျိုးသားများသည် အပြင်လုပ်ငန်းတွင်သာအချိန်ကုန်နေရ၍အိမ်တွင်းမှုလုပ်ငန်းများတွင်အမျိုးသမီးများကသာ လုပ်ကိုင်ဆောင်ရွက်နေသည်ကိုတွေ့ရပါသည်။

ကျန်းမာရေး — ကျန်းမာရေးအသိပညာများတွင်အမျိုးသမီးများသည်အမျိုးသားများထက် အသိပညာဗဟုသုတပို၍သိရှိနေသည်ကိုတွေ့ရပါသည်။

ဝင်ငွေရရှိမှု — အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများနှင့်ရေးရိုးစွဲအစဉ်အလာများကြောင့်အလုပ်အကိုင်ရှာဖွေရာတွင်အခက်အခဲများတွေ့ရှိရပြီး ဝင်ငွေရရှိမှုတွင် အမျိုးသားများလောက်မရရှိသည်ကိုတွေ့ရပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း





အရင်းအမြစ်သုံးစွဲမှုပုံစံ
အုပ်စု = ကာရင်ချောင်ကျေးရွာ
ကျေးရွာ = ကာရင်ချောင်ကျေးရွာ
8.11.17
ကျား
မ
ကျား + မ
လယ်
ထွန်စက်
အပ်ချုပ်စက်
ရွှေ
ဖုန်း
ငွေ
ကား
လမ်း
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
ဆိုင်ကယ်
ရေတွင်း/ကန်
ကျား - ၇ ဦး
မ - ၄ ဦး
ပေါင်း - ၁၁ ဦး

**သုံးသပ်ချက်**

ထိန်းချုပ်မှု -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဘုန်းကြီးကျောင်း၊ ထွန်စက်၊ ရေတွင်းရေကန်၊လယ်၊ လမ်း၊ ကား၊ ဆိုင်ကယ်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပြီး အပ်ချုပ်စက်၊ ငွေ၊ ရွှေတို့ကို အမျိုးသမီးများကထိန်းချုပ်ထားပါသည်။ စာသင်ကျောင်း၊ ဖုန်းတို့ကိုအမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးကထိန်းချုပ်ထားသည် ကိုတွေ့ရပါသည်။

အသုံးပြုမှု -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်၊ထွန်စက်တို့ကို အမျိုးသားများကအသုံးပြုကြပြီး အပ်ချုပ်စက်၊ရွှေတို့ကို အမျိုးသမီးများက အသုံးပြုကြပါသည်။ဖုန်း၊ငွေ၊ကား၊လမ်း၊ ဘုန်းကြီးကျောင်း၊စာသင်ကျောင်း၊ ဆိုင်ကယ်၊ရေတွင်းရေကန်၊တို့ကိုအမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးက အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၈.၁၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိခချက် √ | တွေ့ရှိခချက် X | မှတ်ခချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦး ဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆော င်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထု တ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ ႏ ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ




လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲမစတင်မီ

မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲမစတင်မီ

မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးကောင်းခဲ | ကျား | ကျေးရွာဗိတောက် ခေါင်းဆောင် |
| ၂ | ဒေါ်ဆွေဆွေမြင့် | မ | ကျေးရွာဗိတောက် ခေါင်းဆောင် |
| ၃ | ဦးဦးညိုင် | ကျား | ဆောင်ကြည့်ကြီးကြပ်ရေး ခေါင်းဆောင် |
| ၄ | ဦးဆုန့်မြ | ကျား | ဆောင်ကြည့်ကြီးကြပ်ရေး အဖွဲ့ဝင် |
| ၅ | ဒေါ်သူဇာဝင်း | မ | ဆောင်ကြည့်ကြီးကြပ်ရေး အဖွဲ့ဝင် |
| ၆ | ဦးလှဦး | ကျား | လည်ပတ်ထိန်းသိမ်းရေး ခေါင်းဆောင် |
| ၇ | ဒေါ်မြင့်မြင့်လေ | မ | လည်ပတ်ထိန်းသိမ်းရေး အဖွဲ့ဝင် |
| ၈ | ဒေါ်ချိုချိုမွ | မ | လည်ပတ်ထိန်းသိမ်းရေး အဖွဲ့ဝင် |
| ၉ | ဦးကြည်ငွေ | ကျား | ဝယ်ယူရေး ခေါင်းဆောင် |
| ၁၀ | ဒေါ်သင်းသင်းအေး | မ | ဝယ်ယူရေး ခေါင်းဆောင် |
| ၁၁ | ဦးမင်းကျော် | ကျား | ဝယ်ယူရေး ခေါင်းဆောင် |
| ၁၂ | ဦးသန်းဦး | ကျား | စေဖန်ခါကြဲပြင် ခေါင်းဆောင် |
| ၁၃ | ဒေါ်ခင်ကြည် | မ | စေဖန်ခါကြဲပြင် အဖွဲ့ဝင် |
| ၁၄ | ဒေါ်ခင်ခင်အေး | မ | စေဖန်ခါကြဲပြင် အဖွဲ့ဝင် |
| ၁၅ | ဦးရဲထွန်းအောင် | ကျား | စောကာ ဝန်ထမ်း |
| ၁၆ | ဒေါ်သိန်းသိန်းမြိုင် | မ | စောကာ ဝန်ထမ်း |
| ၁၇ | ဒေါ်မူမူခိုင် | မ | ကျေးရွာ စာရေး ကိုင် |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |
| ၂၃ | | | |
| ၂၄ | | | |
| ၂၅ | | | |

စုစုပေါင်း (၁၇) ယောက် ကျား (၈) ယောက် + မ (၉) ယောက်

[illegible] ကျေးရွာအုပ်စု၊ အုပ်စု စီမံကိန်းအဆောက်အအုံပြုကော်မတီစာရင်း

| စဉ် | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးသက်ဦး | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စုစီမံကိန်းအဆောက်အအုံပြုကော်မတီ | |
| ၂ | ဒေါ်ဆွေဆွေမြင့် | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စုစီမံကိန်းအဆောက်အအုံပြုကော်မတီ | |
| ၃ | ဦးကျော်ဦး | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအဆောက်အအုံပြုကော်မတီ | |
| ၄ | ဦးကျော်လှိုင်ဦး | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအဆောက်အအုံပြုကော်မတီ | |
| ၅ | ဒေါ်ဝေဝေအေး | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု စီမံကိန်းအဆောက်အအုံပြုကော်မတီ | |
| ၆ | ဦးကောင်းခဲ | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်ကြိုင်နှင်းမိုး | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင် | |
| ၈ | ဒေါ်အိအိခိုင် | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |

အမည် - ဒေါ်ညိုညိုဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၈.၁၁.၂၀၁၇

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးချစ်သဲမောင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဆွေဆွေမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကျော်ရ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးစိုးနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သင်းသင်းအေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမင်းဟန် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးညွန့်ရွှေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သဲသဲလွင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးလှဦး(အရှေ့) | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်မြင့်မြင့်ဝေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ညိုညိုဆွေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးလှဦး(အနောက်) | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်စန်းကြည် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်စန်းစန်းအေး | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးရဲထွန်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ဖြူဖြူသန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်မူမူခိုင် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၇) ယောက် ကျား-၈ ယောက် + မ-၉ ယောက် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

၁။ဒေါ်ဆွေဆွေမြင့်   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးသက်ဦး   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဌ
၃။ဦးချစ်သဲမောင်   ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ
၄။ဒေါ်အိအိခိုင်   ဘဏ္ဍာရေးဆက်ကော်မတီ၊ စာရင်းကိုင်
၅။ဒေါ်နေနီနန်းမိုး   ဘဏ္ဍာရေးဆက်ကော်မတီ၊ အဖွဲ့ဝင်
၆။ဦးကျော်ဦး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်
၇။ဦးကျော်လွင်ဦး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်
၈။ဒေါ်သီသီအေး   ကျေးရွာအုပ်စုစီထောက် အဖွဲ့ဝင်

မှတ်တမ်းတင်သူ

အမည်။ ဒေါ်ညိုညိုဝင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၇.၁၁.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရေး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့်ဦး | | ဒေါ်ညိုညိုဝင်း |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရခိုင် | ကျောက်တော် | ကရင်ချောင် | ကရင်ချောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မြော | ၂၆၂ | ဘာသာ (၁) ဗုဒ္ဓ | ၂၆၂ |
| လူမျိုးစု (၂) ဟိန္ဒူ | ၅၀ | ဘာသာ (၂) ဗုဒ္ဓ/ဟိန္ဒူ | ၅၀ |
| လူမျိုးစု (၃) ခရစ်ယာန် | ၁၅ | ဘာသာ (၃) ခရစ်ယာန် | ၁၅ |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၀ | | ၄၀ |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | [illegible] | [illegible] |
| လူမျိုးစု (၁) မြော | [illegible] | [illegible] |
| လူမျိုးစု (၂) ဟိန္ဒူ | ၆၅ | ၅၀ |
| လူမျိုးစု (၃) ခရစ်ယာန် | ၂၂ | ၃၀ |
| အခြား | | |
| အိမ်ထောင်ဦးစီး | [illegible] | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>[illegible] | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာ-မှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ -/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၆---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-[illegible]---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------
မိုးရာသီတွင်ကြာချိန်------၁နာရီ----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးမြင့်ဦး | |
| | လက်မှတ် [signature] | နေ့စွဲ ၁၀.၁၀.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ညိုညိုဝင်း | |
| | လက်မှတ် [signature] | နေ့စွဲ ၁၀.၁၀.၂၀၁၇ |

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သီသီဝင်း |
| နေ့စွဲ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် — မြို့နယ် ကျောက်တန်း — ကျေးရွာအုပ်စု ကာရင်ချောင်း — ကျေးရွာ ကာရင်ချောင်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိ။ |
| ၂ | သောက်ရေ/သုံးရေ သယ်ယူရာတွင် | ၂ | ကစားကွင်း မရှိသောကြောင့် ကလေးငယ်များ |
| ~~၃~~ | အခက်အခဲရှိ။ | ~~၃~~ | အတွက် ပညာသင်ကြားရာတွင် အခက်ခဲရှိ |
| ၃ ~~၄~~ | အားကစားကွင်းများ မရှိခြင်း | ၃ ၄ | ရေသယ်ယူရာတွင် အခက်ခဲရှိခြင်း။ |
| ၅ | ကျောင်း ကလေးငယ်များ အတွက် အခက်အခဲရှိ။ | ၄ ~~၅~~ | အသိပညာ ဖွံ့ဖြိုးရေးအတွက် အဆောက်အဦးများ အခက်အခဲရှိ။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများကောင်းမွန်လာစေရန်။ | ၁ | ရွာတွင်းလမ်းများကောင်းမွန်လာစေရန်။ |
| ၂ | ကလေးငယ်များ အသိပညာ တိုးပွားလာစေရန်။ | ၂ | အသိပညာပေး အဆောက်အဦး ပိုမိုတိုးတက်စေရန်။ |
| | | ၃ | ရေသယ်ယူမှုများ ပိုမို အဆင်ပြေလာစေရန်။ |
| | | ၄ | ကျောင်းသား/သူများ လက်တွေ့လေ့ကျင့်နိုင်သော |
| ၃ | ကလေးငယ်များလက်တွေ့သင်ကြားရေးအတွက် အားကစားကွင်းရရှိရန်။ | ~~၅~~ | အားကစားကွင်းများ ရှိလာစေရန်။ |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်းကလေးကစားကွင်း | ကျား + မ | ၆၀၀၀၀၀၀ | ၁၅၆၀ |
| ၂ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ကျား + မ | ၂၄၀၀၀၀၀၀ | ၁၅၆၀ |
| ၃ | ရွာထိပ်မြောင်းပြုပြင်ခြင်း | ကျား + မ | ၄၀၀၀၀၀၀ | ၁၅၆၀ |
| ၄ | တောင်ကွင်းလမ်း | ကျား + မ | ၈၀၀၀၀၀၀ | ၁၅၆၀ |
| ၅ | ကျောင်းစာကြည့်တိုက် | ကျား + မ | ၁၀၀၀၀၀၀၀ | ၁၅၆၀ |

ဖြ.

။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | အသက်မွေးဝမ်းကျောင်းသင်တန်းများ | ကျား + မ | |
| ၂. | အသိပညာ ဖွံ့ဖြိုးရေးသင်တန်းများ | ကျား + မ | |
| 3. | စိုက်ပျိုးနည်းပညာ သင်တန်းများ | ကျား + မ | |
| 4. | စက်ပြင်သင်တန်း | ကျား | |
| 5. | ဆက်ချုပ်သင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်[illegible]ဆွေမြင့် လက်မှတ် Swe နေ့စွဲ ၂၁ ။ 11 . 17

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ |
| --- | --- |
| ၄။ အာဒိပဝှသာပေး အဆောက်အဦး ပြုလုပ်ဖို့ အခက်အခဲရှိပါသည်။ | ၁။ ရေချိုးရေလာ ကောင်းမွန်ရန် အခက်အခဲရှိ။ |

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | အမျိုးသမီးများအဖွဲ့မှ တင်ပြသော မျှော်မှန်းချက် |
| --- | --- |
| ၄။ ရေလှောင်ဖိုးဖုံများ ဝယ်ပြီး ရေချိုးရေလာ ကောင်းမွန်လာစေရန်. <br> ၅။ ချောင်းကူး မြောင်းကူး တံတားများ ကောင်းမွန်လာစေရန်. <br> ၆. ရေသယ်ပိုက်ရေ ရေစစ်များ ရှိရှိ ကောင်းမွန်လာစေရန်။ <br> ၇။ အာဒိပဝှသာဆေး အဆောက်အဦး ပြုပြီး တက်လာစေရန်။ | ၁။ ဂွတွင်း တံတားများ ကောင်းမွန်လာစေရန်။ |

ကျေးရွာဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများ

၆. ရွာလယ်တံတား ပြုပြင်ခြင်း (မ)

၇။ ဘုရားလမ်း (က)

၈. ဆုတ်တိုက်တံတား (က)

၉. တောင်ကွင်းလမ်းကူးတံတား (က)

၁၀. ကျိုထုတ်တံတား

၁၁. ကမ်းနားလမ်း

၁၂. ဦးဦးဖြိုင်လမ်း

၁၃. ဒါလုပ်တံတား

၁၄. လှေဝင်လမ်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ မြန်မာ့ဂုဏ်ရောင် ဘုန်းကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ 8 . 11 . 2017

ပြုလုပ်သည့်အချိန် ။ 11 နာရီ

ကျေးရွာအုပ်စုအမည် ။ ကရင်ချောင်

မြို့နယ်အမည် ။ ကျောက်ကြီး

---

အစည်းအဝေး တက်ရောက်သူ ။ (၆၇) ကျား + (၇၈) မ = ၁၄၅ ဦး ပေါင်း

အကြောင်းအရာ ။ ကရင်ချောင် ကျေးရွာ အုပ်စု ကရင်ချောင် ကျေးရွာ ပထမ အကြိမ် မိတ်ဆက် အစည်းအဝေး ပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ကရင်ချောင်ကျေးရွာ [illegible] ၌ ပထမ အကြိမ် အစည်းအဝေး တွင် အုပ်ချုပ်ရေးမှူး ဦး မြင့်ဦး မှ လူထုဗဟိုပြု စီမံကိန်း နှင့် ပတ်သက်သော အကျိုးရလဒ်များကို ရှင်းပြပြီး မိမိ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းတွင် ဦးဆောင် လုပ်ကိုင်မည့်သော ဝန်ထမ်းများ၊ ကော်မတီဝင် များ နှင့် ကျေးရွာ လူထု ကလဲ ပူးပေါင်း ဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်စိုးစိုးဝင်း မှ လူထုဗဟိုပြု စီမံကိန်း ၏ ရည်ရွယ်မှာ နွမ်းပါးသော လူထုကို ဗဟိုပြု၍ ကျေးရွာ ၏ အမှန်တကယ် လိုအပ်သော အခြေခံ အဆောက်အဦး များ ဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အဦး များ ပြုပြင်ခြင်း နှင့် အသစ်ဆောက် လုပ်ပေးသော စီမံကိန်း ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅) ချက် ကို ဆက်ပက်
ရှင်းပြပြီး မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု
ပူးပေါင်းမှသာ အောင်မြင်မည် ဖြစ်ကြောင်း ၊ လူထုဗဟိုပြု
စီမံကိန်း ထောက်ပံ့သော ရံပုံငွေ သည် ကျေးရွာ အတွင်း၌
အမြဲတောင်ရ (၅၀)% ကျော်မှ ရရှိမည် ဖြစ်ကြောင်း ရှင်းပြခဲ့
ပါသည်။ ထို့နောက် လက်တောက်နည်းပညာအား ဖေါ်လင်းဆိုင်ရာ ဌာန
မှ စီမံကိန်း ဝန်ထမ်းတွင် ပါဝင်သော အပိုင်း (၆) ပိုင်း နှင့်
အဆင့် (၁၄) ဆင့် ဖြင့် လုပ်ဆောင်ရကြောင်း ရှင်းပြခဲ့ပါသည်။

ဒုတိယ နေ့ သင်တန်း အတွက် ကျေးရွာလူမှုဆန်းစစ် ခြင်းပြု
လုပ်ရာတွင် လူထု စည်းရုံးရေးအား ဖေါ်ဆိုဆွဲဝင်းမှ အရင်းအမြစ်မြေ
မြေပုံ ၊ ရာသီစဉ်ပြပြက္ခဒိန် ၊ ဝင်းပုံ ၊ ပစ္စည်းအမြဲဆန်းစစ်ခြင်း ၊
မိုးဆိုင်မှု သုံးသပ်ခြင်း နှင့် ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်
ချက် များသည် လူမှုဆန်းစစ်ချက် များ ပြုလုပ်ရသည့် နည်းလမ်းချက်
များ ရှင်းပြခဲ့ပါသည်။ ထို့နောက် အမျိုးသားအဖွဲ့ ၊ အမျိုးသမီး
အဖွဲ့ ခွဲ၍ ပြုလုပ်ပြီး လူမှုဆန်းစစ် များ ပြုလုပ်ပြီးသောအခါ
ကျေးရွာ လူထု အားလုံးကို ပြန်လည်၍ တင်ပြချက် ရှင်းပြခဲ့ပါသည်
ဆုံးဖြတ်ချက် ။ ။ ကျေးရွာလူထု အားလုံး၏ သဘောတူညီချက်
များအတိုင်း ကျင်းပရေးသော လုပ်ငန်းစဉ်များ
ပြန်လည် ရွေးချယ် ခြင်း နှင့် ကော်မတီများ ပြန်လည် အတည်ပြုရန်
(21.11.2017) ပြန်လည်ရွေးကောက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

Corn
မြတ်ဝါဖြိုးတင်ဦး
ဖော်ဆောင်ဝင် (CF)

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ မြန်မာ့ဂုဏ်ရောင် ဘုန်းတော်ကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် ။ 21.11.2017

ပြုလုပ်သည့်အချိန် ။ 11:30 နာရီ

ကျေးရွာအုပ်စုအမည် ။ ကရင်ချောင်း

မြို့နယ်အမည် ။ ကျောက်တံခါး

---

အစည်းအဝေးတက်ရောက်သူ ။ (80 ဦး) ကျား + (150 ဦး) မ = (230 ဦး) ပေါင်း

အကြောင်းအရာ ။ ကရင်ချောင်းကျေးရွာ ကရင်ချောင်းအုပ်စု ဒုတိယနှစ် စက်ဝန်း ဒုတိယ အကြိမ် စီမံ
ကိန်းအစည်းအဝေးပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ။ ကရင်ချောင်း ကျေးရွာ အုပ်စု ကရင်ချောင်း ကျေးရွာ ဒုတိယနှစ် စက်ဝန်း ဒုတိယ အကြိမ် အစည်းအဝေး တွင် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦး မြင့်ဦး မှ မိမိ ကျေးရွာ ၏ လိုအပ်သော လုပ်ငန်းစဉ်များ ရွေးချယ်ရာ တွင် ကျေးရွာ ၏ အမှန်တကယ် လိုအပ်ချက် များ ကိုသာ မဲပေးကြရန် နှင့် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်တွင် ပူးပေါင်း ဆောင်ရွက် ရန် ပြောကြား ခဲ့ပါသည်။

လူထုဗဟိုပြု စီမံကိန်း မှ ဒေါ် မြင့်မြင့်ကြူ မှ လည်း စီမံကိန်း နှင့် ပတ်သက်သော ရည်ရွယ် ချက် များ၊ လုပ်ငန်းစဉ်များ နှင့် လမ်းညွှန် ချက်များကို အကျဉ်းချုံး ရှင်းပြပြီး စီမံကိန်း အကောင် အထည်ဖော်ဆောင်ရာတွင် လူထုက ပူးပေါင်း မှ အောင်မြင်မည် ဖြစ် ကြောင်း ရှင်းပြ ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် လက်တောက်နည်းပညာမှူး မှ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန် အတွက် ယခင်နှစ်က လုပ်ဆောင်ခဲ့သော လုပ်ငန်းစုံများ အကြောင်းများကို ရှင်းပြပြီး ဒုတိယနှစ် စက်ဝန်းတွင်လည်း လုပ်ငန်းစုံသစ်များ ပြန်လည် ပြင်ဆင်လိုပါက မဲစနစ်ဖြင့် ပြန်လည် ရွေးချယ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ မဲစနစ် ဖြင့် ရွေးချယ်ရာ၌ မဲအများဆုံးရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်ရန် ရမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျေးရွာလူထု က လုပ်ငန်းစုံများပြန်လည်ပြင်ဆင်ဖို့လိုသောကြောင့် အခက်အခဲ ၊ မျှော်မှန်းချက် များကို ပြန်လည်ဖော်ထုတ် ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းစုံများကို ရွေးချယ်ခဲ့ပြီး ဦးစားပေးလုပ်ငန်းစုံ များကို မဲစနစ် ပြန်လည် ရွေးချယ်လိုက်သော အခါ

၁။ ကျောက်ကလေးကသားကွင်း
၂။ ရေပိုက်လိုင်းသွယ်တန်းခြင်း
၃။ ရွာထိပ်ရေမြောင်းပြုပြင်ခြင်း
၄။ တောင်တွင်းလမ်း
၅။ ကျောင်းစာကြည့်တိုက်
၆။ ရွာလယ်တံတားပြုပြင်ခြင်း
၇။ ဘုရားလမ်း
၈။ အုတ်တိုက်တံတား
၉။ တောင်တွင်းလမ်း ၊ ဦးလှမြေးလမ်း ၊ သုသာန်လမ်း
၁၀။ ကုန်ထုတ်တံတား
၁၁။ ကဖော်ရှားလမ်း
၁၂။ ဦးဦးမြင့်လမ်း
၁၃။ ဒါရုပါးတံတား
၁၄။ လွင်လမ်း

စသည့် လုပ်ငန်းစုံများကို ကျေးရွာလူထုက ဦးစားပေး

အလိုက် ရွေးချယ်ပေးခဲ့ကြပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်စိုးစိုးဝင်းမှ ကော်မတီများ၏ တာဝန် ဝတ္တရားများကို ထပ်မံရှင်းပြပြီး ပထမနှစ် စက်ဝန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီ အဖွဲ့ဝင်များသည် ဒုတိယ စက်ဝန်းတွင်လည်း ဆက်လက်တာဝန်ယူ၍ ကော်မတီ အဖြစ် တာဝန် ထမ်းဆောင် နိုင်ပါသလား ဟု တစ်ဦးချင်းစီကို မေးမြန်းသော အခါ ကော်မတီ အဖွဲ့ဝင်အားလုံးက တာဝန် ဆက်လက် ထမ်းဆောင် နိုင်ကြောင်း နှင့် ကျေးရွာ လူထုကလည်း သဘောတူညီကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် လက်ထောက် နည်းပညာမှူး ဒေါ်လင်းအိန္ဒီထွန်းမှ လုပ်ငန်းစဉ်များကို ပြန်လည် အနှစ်ချုပ် ဆွေးနွေးချက် (၂း၃၀) နာရီ တွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ "ကျေးရွာလူထုက မဲပေးရွေးချယ်ထားသော လုပ်ငန်းစဉ် များကို ဦးစားပေးအလိုက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

Cwin

(မှတ်တမ်းတင်သူ)

ဒေါ်စိုးစိုးဝင်း

CR

၃/

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်၊အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်၊MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအထောက်အညီ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | ထက်မြင့်သင်တန်း | ☐ မ ☑ ကျား | | |
| | ၂ | အပ်ချုပ်သင်တန်း | ☑ မ ☐ ကျား | | |
| | ၃ | စိုက်ပျိုးရေး နည်း ပညာသင်တန်း | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | စာတတ်ပညာရေး သင်တန်းများ | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- ○ PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။